## စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများဖွံ့ဖြိုးရေးဥပဒေ
## (၂၀၂၀ ပြည့်နှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)
## ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
## (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများဖွံ့ဖြိုးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးချုပ်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်ဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော မသန်စွမ်းသူများဖွံ့ဖြိုးရေး ကော်မတီကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနကို ဆိုသည်။

(စ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တာဝန်ပေးထားသည့် ဦးစီးဌာနမှ အရာရှိကို ဆိုသည်။

(ဆ) **မသန်စွမ်းသူများအသင်းအဖွဲ့** ဆိုသည်မှာ မသန်စွမ်းမှု အမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှု အမျိုးအစားများ စုပေါင်း၍ဖြစ်စေ ၎င်းတို့ကိုယ်တိုင်ဦးဆောင်ဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုခုကို ဆိုသည်။

(ဇ) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်၊ ဉာဏ်ရည်ဉာဏ်သွေး၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည်။

(ဈ) **မသန်စွမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထား၊ အမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှု မရှိခြင်းကို ဆိုသည်။

Myanmar Law Information System (MLIS)

(ည) **မသန်စွမ်းသူများဖွံ့ဖြိုးရေး** ဆိုသည်မှာ ဤဥပဒေအရ မသန်စွမ်းသူများကို ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း ကို ဆိုသည်။

(ဋ) **အလုပ်ရှင်** ဆိုသည်မှာ ဤဥပဒေအရ မသန်စွမ်းသူများကို သတ်မှတ်ထားသောဝေပုံကျ နှုန်းထား အရေအတွက်အတိုင်း အလုပ်ခန့်ထားရန် တာဝန်ရှိသော အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်က တာဝန်ပေးသည့် စီမံခန့်ခွဲသူ ကို ဆိုသည်။

(ဌ) **မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုကပြဋ္ဌာန်းသည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကာကွယ်စောင့်ရှောက်ရာတွင် လုပ်ငန်းစဉ်များ မြန်ဆန်စေရန်နှင့် ပိုမိုအောင်မြင်စေရန်၊

(ခ) မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အား ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန်၊

(ဂ) မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်မှုများအား မြှင့်တင်ပေးခြင်းဖြင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) မသန်စွမ်းသူများအား နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့်တန်းတူပါဝင်ဆောင်ရွက်စေခြင်းဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င) မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး၊ နယ်ပယ်အသီးသီးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ၊ ခေါင်းပုံဖြတ်မှုများနှင့် အကြမ်းဖက်မှုများလျော့နည်း ပပျောက်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်-

(က) ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော ပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း၊ ဥက္ကဋ္ဌ | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

(၃) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ အမည်စာရင်းပေးပို့သည့် လွှတ်တော် ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(၄) မသန်စွမ်းအသင်းအဖွဲ့များက ရွေးချယ်သူ (၄) ဦး — အဖွဲ့ဝင်

(၅) တရားလွှတ်တော် ရှေ့နေများကောင်စီကရွေးချယ်သူ (၁) ဦး — အဖွဲ့ဝင်

(၆) အရပ်ဘက်အဖွဲ့အစည်းများမှ ရွေးချယ်သူ (၂) ဦး — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန — အတွင်းရေးမှူး

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားပိုင်ခွင့်ရှိစေရန် ဆောင်ရွက်ပေးရမည်၊

(ဂ) ကော်မတီအား လိုအပ်ပါက ဥပဒေနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊

(ဃ) ကော်မတီ၏သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၅။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခြင်းခံနိုင်ခွင့်တို့ ရှိစေရမည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရာတွင် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဖွဲ့အစည်းများ၏ လမ်းညွှန်မှုကို ခံယူခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီမှပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ ဖွဲ့စည်းသည့် ခရိုင် သို့မဟုတ် မြို့နယ်အဆင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းသူ တစ်ဦးချင်းကသော်လည်းကောင်း၊ မသန်စွမ်းသူများ အသင်းအဖွဲ့များက သော်လည်းကောင်း လိုအပ်ချက်များ တင်ပြတောင်းဆိုလာပါက စိစစ်၍ အစိုးရအဖွဲ့နှင့်ဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ဖြစ်စေ ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(င) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အတွေ့အကြုံဖလှယ်ခြင်းနှင့် နည်းပညာအရင်းအမြစ်များရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ အသင်းအဖွဲ့များ၊ ကျောင်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းသူများအား လူဦးရေစာရင်းပြုစုခြင်း၊ မသန်စွမ်းမှုအမျိုးအစား သတ်မှတ်ခြင်းနှင့် မသန်စွမ်းမှုအဆင့်များ သတ်မှတ်ထားရှိခြင်း၊

Myanmar Law Information System (MLIS)

(ဆ) မသန်စွမ်းသူများအား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းခွင်များတွင်လည်းကောင်း၊ အစိုးရဌာနများတွင်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) မသန်စွမ်းသူများ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများအတွက် အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများ အချင်းချင်းသော်လည်းကောင်း၊ မသန်စွမ်းသူများအဖွဲ့အစည်းများ အချင်းချင်း သော်လည်းကောင်း ဖြစ်ပွားသော ပြဿနာများအား ညှိနှိုင်းဖြေရှင်းခြင်း၊

(ည) မသန်စွမ်းသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် အသိပညာပေးခြင်း၊ လိုအပ်သောသတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ဋ) မသန်စွမ်းသူများ၏ အခွင့်အရေးဆုံးရှုံးခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ မသန်စွမ်းမှုအား အကြောင်းပြု၍ အနိုင်အထက်ပြုခံရခြင်းနှင့် ဖိနှိပ်ခံရခြင်းများအား စိစစ်ဆေး၍ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်ခြင်း၊ ကူညီပေးခြင်း၊ ချိတ်ဆက်ပေးခြင်း၊

(ဌ) ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း။

## အခန်း (၄)
## မသန်စွမ်းသူများ၏ ပညာရေး

၇။ အစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏ ပညာသင်ကြားရေးနှင့်ပတ်သက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ပေးရမည်။

၈။ အစိုးရအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မသန်စွမ်းသူများအတွက် ရည်ရွယ်၍ဖွင့်လှစ်သော သက်မွေးပညာသင်ကျောင်းများ တည်ရှိလာစေရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက် နိုင်သည်။

၉။ ကော်မတီသည် မသန်စွမ်းသူများ ပညာသင်ကြားရာတွင် လိုအပ်သော ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန်၊ မသန်စွမ်းသူများ၏ ကျောင်းနေခွင့် ဆုံးရှုံးမှုမရှိစေရန်နှင့် ခွဲခြားဆက်ဆံရမှုများ မရှိစေရန် အစိုးရအဖွဲ့၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ချိတ်ဆက်၍ ဆောင်ရွက်ရမည်။

၁၀။ ကော်မတီသည် ကျောင်းပညာမသင်ကြားနိုင်သော မသန်စွမ်းသူများအတွက် သီးသန့်ဖွင့်လှစ် သင်ကြားပေးသော အထူးပညာရေးအစီအစဉ်၊ ကျောင်းပြင်ပပညာရေးအစီအစဉ်နှင့် အသက်မွေး ဝမ်းကျောင်းပညာအစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

၁၁။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကဖြစ်စေ မသန်စွမ်းသူ များအတွက်ရည်ရွယ်၍ အခြေခံပညာသင်ကျောင်းများ၊ အသက်မွေးပညာသင်ကျောင်းများ၊ အဆင့်မြင့် ပညာသင်ကျောင်းများ တည်ထောင်ဖွင့်လှစ်လိုကြောင်း တင်ပြလာပါက အစိုးရအဖွဲ့မှလိုအပ်သော ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရမည်။

Myanmar Law Information System (MLIS)

၁၂။ ကော်မတီသည် မသန်စွမ်းကျောင်းသူကျောင်းသားများ၏ မသန်စွမ်းမှုအမျိုးအစားအလိုက် လိုအပ်ချက်နှင့်အညီ ယင်းတို့၏ စာသင်ချိန်နှင့်စာမေးပွဲဖြေဆိုချိန်များကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၅)

## မသန်စွမ်းသူများ၏ ကျန်းမာရေး

၁၃။ အစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ပေးရမည်။

၁၄။ ကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ကျန်းမာရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန် ရှိသည်။

၁၅။ အစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေလျာထားဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၆)

## မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး

၁၆။ ကော်မတီသည် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်။

၁၇။ အစိုးရအဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများတိုးချဲ့ခန့်အပ်ရာတွင် မသန်စွမ်းသူများအလုပ်အကိုင်ရရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၃၅ နှင့်အညီ ဆောင်ရွက်ပေးရမည်။

၁၈။ အစိုးရအဖွဲ့သည် မသန်စွမ်းသူများတည်ထောင်ဆောင်ရွက်လျှက်ရှိသော စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန် သင့်လျော်သည့်ပံ့ပိုးမှုများ စီမံဆောင်ရွက်ပေးရမည်။

## အခန်း (၇)

## မှတ်ပုံတင်ခြင်း

၁၉။ မသန်စွမ်းသူများသည် မိမိတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန် မိမိတို့၏ ဆန္ဒ သဘောထားအလျောက် သတ်မှတ်ချက်များနှင့်အညီ တိုင်းဒေသကြီးဦးစီးဌာနတွင် မှတ်ပုံတင် လျှောက်ထားနိုင်သည်။

၂၀။ မှတ်ပုံတင်အရာရှိသည် မသန်စွမ်းသူများ မှတ်ပုံတင်ပြုလုပ်နိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့် အညီဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

## အခန်း (၈)

## အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၁။ မသန်စွမ်းသူများသည် မသန်စွမ်းမှုအမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှု အမျိုးအစားများ စုပေါင်း၍ဖြစ်စေ အသင်းအဖွဲ့များအား လွတ်လပ်စွာဖွဲ့စည်းနိုင်သည်။

Myanmar Law Information System (MLIS)

၂၂။ ကော်မတီသည် တိုင်းဒေသကြီးအတွင်း မသန်စွမ်းအဖွဲ့အစည်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်နှင့် မသန်စွမ်းအဖွဲ့အစည်းများ မှတ်ပုံတင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

၂၃။ မှတ်ပုံတင်ထားသော မသန်စွမ်းအသင်းအဖွဲ့များသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခြင်းခံနိုင်ခွင့် တို့ရှိစေရမည်။

## အခန်း (၉)

## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၂၄။ ကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါငွေများဖြင့် ရန်ပုံငွေ ထူထောင်ထားရှိရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ထောက်ပံ့သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ဂ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ကူညီပံ့ပိုးငွေများ၊

(ဃ) သတ်မှတ်သော ဝေပုံကျနှုန်းထားအတိုင်းအရေအတွက်အတိုင်း ပုဂ္ဂလိက အလုပ်ရှင်နှင့် ကုမ္ပဏီများကသင့်လျော်သော အလုပ်လုပ်ကိုင်နိုင်သည့် မသန်စွမ်းသူအား အလုပ်ခန့်ထားခြင်း မပြုသည့်အတွက် ထည့်ဝင်ရသော ငွေများ။

၂၅။ ကော်မတီသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပေးရမည်။

၂၆။ ပုဒ်မ ၂၅ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေစာရင်းရှင်းတမ်းများပြုစု၍ ကော်မတီသို့ တင်ပြရမည်။

၂၇။ ကော်မတီသည် နှစ်စဉ်ရန်ပုံငွေစာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ စစ်ဆေးမှု ခံယူရမည်။

## အခန်း (၁၀)

## တားမြစ်ချက်များ

၂၈။ ဌာနဆိုင်ရာအသီးသီးတွင် ဝန်ထမ်းခန့်အပ်ရန်ရှိပါက အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူများသည် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုကြောင်း လျှောက်ထားလာပါက ခိုင်လုံသော အကြောင်းပြချက်မရှိလျှင် ငြင်းပယ်ခြင်းမပြုရ။

၂၉။ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော မသန်စွမ်းသူများအား ခိုင်လုံသောပြစ်ချက် တစ်စုံတစ်ရာမရှိပဲ ရာထူးတိုးမြှင့်ပေးရန်ငြင်းပယ်ခြင်း၊ ရာထူးအဆင့်လျှော့ချခြင်း၊ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း မပြုရ။

၃၀။ မည်သည့်အလုပ်ရှင် သို့မဟုတ် ကုမ္ပဏီမဆို-

Myanmar Law Information System (MLIS)

(က) သင့်လျော်သောအလုပ်ကို လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) အလုပ်ခန့်ထားသော မသန်စွမ်းသူများအား ခိုင်လုံသော အကြောင်းပြချက်မရှိပဲ အလုပ်မှရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း၊ ရာထူးချခြင်းနှင့် ပြောင်းရွှေ့တာဝန်ပေးခြင်း မပြုလုပ်ရ။

၃၁။ မည်သည့်အလုပ်ရှင် သို့မဟုတ် ကုမ္ပဏီမဆို-

(က) ခန့်ထားသော အလုပ်သမားနှင့် ဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အရ အလုပ်ခန့်ထားရန် ကျန်ရှိသော အလုပ်နေရာအရေအတွက်၊ အလုပ်သမားအရည်အချင်းနှင့် အလုပ်ကိုင်အမျိုးအစားကိုလည်းကောင်း၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ ပေးပို့ရန် ပျက်ကွက်ခြင်းမရှိစေရ၊

(ခ) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများကို ကူညီဆောင်ရွက်ပေးနေသူများအား သတ်မှတ်ထားသော ဝေပုံကျ နှုန်းထားအရေအတွက်အရ အလုပ်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် လေ့ကျင့် သင်ကြားပေးခြင်းတို့အတွက် ကုန်ကျစရိတ်ကို ယင်းတို့ထံမှ တောင်းခံခြင်းမပြုရ၊

(ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရသော်လည်းကောင်း၊ ဤဥပဒေအရသော်လည်းကောင်း တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ်အဆင့်ကော်မတီများမှ မသန်စွမ်းသူများ၏ဖွံ့ဖြိုးရေးကိစ္စများ နှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးခြင်းအား ဟန့်တားခြင်း၊ နှောက်ယှက်ခြင်း၊ ငြင်းဆိုခြင်း မပြုရ။

၃၂။ မည်သူမဆို-

(က) မသန်စွမ်းသူများအား မသန်စွမ်းမှုကို အကြောင်းပြု၍ သိလျက်နှင့်တမင်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်း မပြုလုပ်ရ၊

(ခ) မသန်စွမ်းသူများအား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အဓမ္မအလုပ်စေခိုင်း ခြင်း မပြုရ၊

(ဂ) မသန်စွမ်းသူများအား တလွဲအသုံးပြု၍ မည်သည့်အကြောင်းနှင့်မျှ ကိုယ်ကျိုးစီးပွားမရှာရ။

## အခန်း (၁၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ ဤဥပဒေပုဒ်မ ၂၈ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်သော ဌာနဆိုင်ရာများသည် ပြစ်မှု ထင်ရှားပါက ထိုသူကို ထောင်ဒဏ် ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ငါးသိန်းအထိငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၄။ ဤဥပဒေပုဒ်မ ၂၉ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၃၅။ ဤဥပဒေပုဒ်မ ၃၀၊ ၃၁၊ ၃၂ ပါ တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ၆ လထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် ဆယ်သိန်းထက်မပိုသောငွေဒဏ် ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည်။

Myanmar Law Information System (MLIS)

## အခန်း (၁၂)
## အထွေထွေပြဋ္ဌာန်းချက်များ

၃၆။ အစိုးရအဖွဲ့သည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်ရမည်။

၃၇။ ဤဥပဒေပါ ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၅ တို့ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဖြစ်သည်ဟု မှတ်ယူရမည်။

၃၈။ အစိုးရအဖွဲ့သည် မသန်စွမ်းသူများအား သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာ၌ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအား ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာမြင့်နိုင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)